# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၄/ ၂၀၂၃)                ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၈) ရက်

| ၆ – ၁၂ –၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၆၆.၃ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၆.၀ |
| စတာလင်ပေါင် | ၂,၆၄၅.၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၆.၀ |
| တရုတ်ယွမ် | ၂၉၃.၃၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၁ |
| အိန္ဒိယရူပီး | ၂၅.၁၉၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၉.၇၁ |
| မလေးရှား ရင်းဂစ် | ၄၄၉.၈၂ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၉၆၈ |
| ထိုင်းဘတ် | ၅၉.၇၇၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၄၉၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၌ ယခုနှစ်တွင် သီးနှံထွက်ရှိမှု တန်ချိန် (၆၈၃)သန်းဖြင့် စံချိန်တင်

➢ အိန္ဒိယနိုင်ငံသည် ဆန်ကွဲတန်ချိန် ၉ သိန်းအား နိုင်ငံ ၅ ခုသို့တင်ပို့ရောင်းချသွားမည်

➢ အိန္ဒိယမှ ပဲမျိုးစုံဝယ်ယူမှုမြင့်တက်၊ ပဲနီလေး၊ မတ်ပဲနှင့် ပဲစဉ်းငုံတို့ကို တင်သွင်းမှုအများဆုံးဖြစ်

➢ အိန္ဒိယအစိုးရအနေဖြင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပဲစင်းငုံများ ပိုမိုဝယ်ယူမည်

➢ အိန္ဒိယနိုင်ငံ၌ လယ်ယာမြေများတွင် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုမှုကို ခြေရာခံရန် အာရုံခံကိရိယာများ မကြာမီအသုံးပြုသွားမည်

➢ ရုရှားနိုင်ငံမှ ဆန်တင်ပို့မှု တားမြစ်ချက်ကို ၆ လ သက်တမ်းတိုးရန် စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုထား

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံ၏ ဝန်ဆောင်မှုများ တင်ပို့မှုမှာ အောက်တိုဘာလတွင် ၁၀.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါ်လာ ၂၈.၀၃ ဘီလီယံ ရရှိ

➢ MSMEs များ၏ E-Commerce တင်ပို့မှု မြှင့်တင်ရန်အတွက် အိန္ဒိယနိုင်ငံခြား ကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာနနှင့် Amazon တို့ လက်မှတ်ရေးထိုး

- အိန္ဒိယနိုင်ငံသည် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အား ထိရောက်စွာ ပြန်လည်သုံးသပ်သွားမည်
- ရုရှားနိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင် ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် တင်သွင်းရန် အတည်ပြုခဲ့

## တရုတ်နိုင်ငံ၌ ယခုနှစ်တွင် သီးနှံထွက်ရှိမှု တန်ချိန် (၆၈၃)သန်းဖြင့် စံချိန်တင်

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထွက်ရှိမှုသည် ယခုနှစ်တွင် မက်ထရစ်တန်ချိန် (၆၈၃) သန်းဖြင့် စံချိန်တင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၂)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထွက်ရှိမှုသည် တန်ချိန်သန်း(၆၅၀)ကျော်ရှိခဲ့သည်မှာ (၇)နှစ်ဆက်တိုက်ရှိပြီဟု ဗျူရိုကျေးလက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Wang Minghua က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို ကာကွယ်ပေးသည့် တင်းကြပ်သော မူဝါဒများကို အကောင်အထည်ဖော်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်မဟုတ်သည့်လယ်ယာမြေအသုံးပြုခြင်းကို ပြတ်ပြတ်သားသား တားမြစ်ထားကြောင်း၊ တရုတ်နိုင်ငံ၌ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ လယ်သမားများအား ထောက်ပံ့ပေးပြီး သီးနှံဆက်လက်စိုက်ပျိုးရန် တိုက်တွန်းအားပေးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ရလဒ်အနေဖြင့် ယခုနှစ်တွင် သီးနှံစိုက်ဧရိယာ ဟက်တာ (၁၁၈)သန်းအထိရှိခဲ့ပြီး ယခင်နှစ်ကထက် (၀.၇)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ပြောင်းနှင့် ဂျုံစိုက်ပျိုးသော ဧရိယာသည် တိုးလာပြီး စပါးစိုက်ဧရိယာအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ပြောင်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြောင်းသီးနှံစိုက်ဧရိယာသည် တစ်နှစ်ထက်တစ်နှစ် (၅)ရာခိုင်နှုန်းမြင့်တက်လာပြီး အခြားသီးနှံများထက် စိုက်ဧရိယာအများဆုံးဖြစ်၍ ဟက်တာ (၄၃.၃) သန်းအထိ တိုးလာခဲ့ကြောင်း သိရှိရပါသည်။ ပဲစိုက်ဧရိယာ (၁၂.၇)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအားဖြင့် ပဲပုပ်စိုက်ပျိုးမှုအတွက် ထောက်ပံ့မှုလျှော့ချခဲ့ခြင်းကြောင့်ဖြစ်ကြောင်းနှင့် အာလူးစိုက်ဧရိယာ တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း Henan ပြည်နယ်တွင် ရေကြီးမှုနှင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးခေါင်မှုများကဲ့သို့သော နိုင်ငံ၏အချို့သောဒေသများတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သောရာသီဥတုအခြေအနေများသည် ဆောင်းဦးသီးနှံအထွက်နှုန်းကို ထိခိုက်စေခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် သီးနှံစိုက်ပျိုးသောအဓိကဒေသများတွင် ရာသီဥတုအခြေအနေသည် ယေဘုယျအားဖြင့် သီးနှံများကြီးထွားမှုအတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း၊ အထွက်နှုန်းမြင့်သောပြောင်းမျိုး၏ စိုက်ဧရိယာတိုးတက်လာခြင်းသည်လည်း စုစုပေါင်းသီးနှံအထွက်နှုန်းကို တိုးတက်လာစေကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံ၏ ပျမ်းမျှသီးနှံအထွက်နှုန်းမှာ ယခုနှစ်တွင် တစ်ဟက်တာလျှင် (၅.၈)တန်ရှိပြီး တစ်နှစ်ထက်တစ်နှစ်(၁.၂)ရာခိုင်နှုန်း မြင့်တက်လာကြောင်း နမူနာစစ်တမ်းတစ်ခုတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။ ဂျုံနှင့် ဆန်အထွက်နှုန်း တိုးလာသော်လည်း Henan ပြည်နယ် အပါအဝင်ဒေသအချို့တွင် ရေလွှမ်းမိုးမှုများကြောင့် ပြောင်းအထွက်နှုန်း အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ဆန်၊ ဂျုံနှင့် ပြောင်းထွက်ရှိမှုပမာဏမှာ မြင့်တက်လာ၍ ပြောင်းတန်ချိန် (၂၇၃) သန်း ထွက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၄.၆)ရာခိုင်နှုန်း တိုးလာသည်ဟု ဗျူရိုက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပဲထွက်ရှိမှုသည် (၁၄.၁)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပဲပုပ်ထွက်ရှိမှု (၁၆.၄)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အရှေ့မြောက်ပြည်နယ်များနှင့် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စုစုပေါင်း ပဲပုတ်ထွက်ရှိမှု၏ (၇၀.၃)ရာခိုင်နှုန်းရှိကြောင်း၊ Heilongjiang ပြည်နယ်သည် ပဲထွက်ရှိမှုနှင့် ပဲစိုက်ဧရိယာနှစ်ခုစလုံးတွင် နိုင်ငံအတွင်း ပထမအဆင့်ဖြစ်ကြောင်း သိရှိရပါသည်။

ရေလွှမ်းမိုးမှုကြောင့် Henan ပြည်နယ်တွင် သီးနှံထွက်ရှိမှု တန်ချိန် (၂.၈)သန်း ကျဆင်းခဲ့သော်လည်း ယခုနှစ် စုစုပေါင်းသီးနှံရိတ်သိမ်းမှုသည် အမျိုးသားစားနပ်ရိက္ခာဖူလုံမှုကို သေချာစေပြီး (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၅)အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေသည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://global.chinadaily.com.cn/a/202112/07/WS61aeb543a310cdd39bc79c0e.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

..........................................................................................................

## အိန္ဒိယနိုင်ငံသည် ဆန်ကွဲတန်ချိန် ၉ သိန်းအား နိုင်ငံ ၅ ခုသို့တင်ပို့ရောင်းချသွားမည်

အိန္ဒိယနိုင်ငံသည် အမျိုးသားသမဝါယမပို့ကုန်လိမိတက် (National Cooperative Exports Limited-NCEL) မှတစ်ဆင့် ဆန်ကွဲတန်ချိန် ၉ သိန်းနီးပါးကို နိုင်ငံ ၅ ခုသို့လည်းကောင်း၊ ဂျုံ နှင့် ဂျုံထွက်ပစ္စည်း ၃၄၀၀၀ တန်ကျော်တို့အား အိမ်နီးချင်း ဘူတန်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆန်ကွဲ၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများကို လူသားချင်းစာနာထောက်ထားမှုနှင့် စားနပ်ရိက္ခာအတွက် နိုင်ငံများ၏ လိုအပ်ချက်အရ အစိုးရအချင်းချင်း အစီစဉ် (G to G) ဖြင့်ရောင်းချပေးသွားရန် ခွဲတမ်းသတ်မှတ်သွားနိုင်ရေး လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ယခုနှစ် ဇွန်လမှ ဇူလိုင်လအတွင်း ရေးဆွဲထားပြီးဖြစ်သည်။ အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade –DGFT) က ပြီးခဲ့သည့်လ ၃၀ ရက်နေ့က ထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာစာတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့စွဲနှင့် ထုတ်ပြန်ခဲ့သော ကုန်သွယ်မှုအသိပေးကြေညာလွှာ အမှတ် ၀၈/၂၀၂၃ နှင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကုန်သွယ်မှုအသိပေးကြေညာလွှာ အမှတ် ၁၇/၂၀၂၃ နှင့် အမှတ် ၁၈/၂၀၂၃ တို့ကို အဆိုပါ အမိန့်ကြော်ငြာစာအရ လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း ဖော်ပြထားသည်။

ယခင်က အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချဖူးသည့် အတွေ့အကြုံအပေါ်မူတည်၍ အစိုးရမှ ပို့ကုန်ခွဲတမ်းများသတ်မှတ်ပေးရန် အစီအစဉ်အပေါ် အချို့သော ပို့ကုန်တင်ပို့သူများမှ မကျေနပ်၍ နယူးဒေလီတရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားခဲ့ကြသည်။

အိန္ဒိယအစိုးရမှခွင့်ပြုပေးလိုက်သော ဆန်ကွဲ ၈၉၈၈၀၄ တန်အနက် ဆီနီဂေါနိုင်ငံအတွက် တန်ချိန် ၅ သိန်း ခွဲဝေသတ်မှတ်ပေးပြီး လာမည့် ၆ လအတွင်း တင်ပို့သွားမည်ဖြစ်သည်။ အစိုးရက အင်ဒိုနီးရှားနိုင်ငံအတွက် ဆန်ကွဲတန်ချိန် ၂ သိန်းနှင့် မာလီနိုင်ငံအတွက် တန်ချိန် ၁ သိန်း အသီးသီးခွင့်ပြုခဲ့ကြောင်း သိရသည်။ ဂန်ဘီယာနိုင်ငံအတွက် သတ်မှတ်ထားသော ဆန်ကွဲ ၅၀၀၀၀ တန်ကိုလည်း ၆ လအတွင်း တင်ပို့သွားရန်ရှိသည်။ အလားတူ ဘူတန်နိုင်ငံသည် NCEL မှတစ်ဆင့် ဆန် ၄၈၈၀၄ တန်ကို ဝယ်ယူတင်သွင်းခွင့်ရမည်ဖြစ်ကြောင်း DGFT က ထုတ်ပြန်ပြောကြားခဲ့သည်။

ထို့အပြင် ဂျုံ ၁၄၁၈၄ တန်၊ ဂျုံမှုန့် ၅၃၂၆ တန်နှင့် သန့်စင်ပြီးနှင့် ပြုပြင်ထုတ်လုပ်ထားသော ဂျုံမှုန့် ၁၅၂၂၆ တန်တို့အား ဘူတန်နိုင်ငံသို့ တင်ပို့ရန် အစိုးရမှ ခွင့်ပြုထားပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ဆန်ကြမ်း၊ ဆန်ကွဲ၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခွင့်အား အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ပိတ်ပင်ထားဖွယ်ရှိနေပါသည်။ အစိုးရအနေဖြင့် နောင်နှစ် ဇွန်လအထိ ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိနေသော အယ်နီညိုကြောင့် ထိခိုက်မှုများရှိသည့်အပေါ် စိုးရိမ်လျက်ရှိပြီး၊ ယခုနှစ်တွင်လည်း မိုးရာသီ သီးနှံတစ်ချို့၏ စိုက်ပျိုးထွက်ရှိမှု ကျဆင်းခဲ့သောကြောင့် အဆိုပါ ထုတ်ကုန်များတင်ပို့ရောင်းချမှု ပိတ်ပင်ထားခြင်းကို ရုတ်ချည်းဖယ်ရှားသွားမည့် အခြေအနေမရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပုံမှန်ရှိရမည့် မိုးရေချိန်အောက် လျော့နည်းရရှိခဲ့ပြီး ၁၉၀၁ ခုနှစ်မှကြည့်လျှင် ယခုနှစ် ဩဂုတ်လသည် အခြောက်သွေ့ဆုံးလတစ်လဖြစ်ခဲ့ကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် ယခင်ကလည်း ပိတ်ပင်ထားသော ဆန်ခြမ်းကို အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံအချို့သို့ ၎င်းတို့၏လိုအပ်ချက်အရ အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ရောင်းချပေးခဲ့ခြင်းမျိုးရှိပါသည်။ ယခုအခါ အစိုးရသည် နိုင်ငံ၏ အရေးကြီးကုန်စည်များဖြစ်သည့် ဆန်၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်း တင်ပို့ခွင့်ကို ဆက်လက်ပိတ်ပင်ထားသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဖရိကနိုင်ငံအချို့သို့ ရောင်းချခွင့်ပြုခဲ့ပြီး၊ ပို့ကုန်ခွဲတမ်းများခွဲဝေသတ်မှတ်ပေးခဲ့သည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Hindu Business Line သတင်းဌာန၊ “India allows 9 lakh tonnes of broken rice export to 5 countries”

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

………………………………………………………………………………………

## အိန္ဒိယမှ ပဲမျိုးစုံဝယ်ယူမှုမြင့်တက်၊ ပဲနီလေး၊ မတ်ပဲနှင့် ပဲစဉ်းငုံတို့ကို တင်သွင်းမှုအများဆုံးဖြစ်

အိန္ဒိယနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားတိုင်းပြည်များမှ ပဲမျိုးစုံတင်သွင်းမှု နှစ်ဆကျော်မြင့်တက်ခဲ့သည်။ အကြောင်းမှာ နိုင်ငံ၏ အဓိကပဲစိုက်ပျိုးရာ ဒေသများတွင် အနောက်တောင်မုတ်သုန်မိုးနည်းပါးခဲ့ပြီး ပဲစိုက်ပျိုးထွက်ရှိမှုအပေါ် ထိခိုက်မှုရှိခဲ့သည့်အတွက်ဖြစ်ကြောင်း The Hindu Business Line သတင်းဌာနက ယခုလ ၂၉ ရက်နေ့က ဖော်ပြထားသည်။

နောက်ဆုံးရရှိသော တရားဝင်စာရင်းများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာအတွင်း အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံဝယ်ယူမှုပမာဏ တန်ချိန် ၁၄ ဒသမ ၈၅ သိန်းရှိခဲ့ကြောင်း သိရသည်။ ယခင်ဘဏ္ဍာနှစ်ကာလတူရှိ တန်ချိန် ၆ ဒသမ ၉၈ သိန်းသာရှိ၍ ၁၁၃ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာအရကြည့်လျှင် တန်ဖိုးအားဖြင့် ယမန် နှစ်ကာလတူက ၅၉၅ သန်းသာရှိခဲ့ရာမှ ယခုနှစ် အဆိုပါကာလအတွင်း ၁ ဒသမ ၂၆ ဘီလီယံကျော်သို့ မြင့်တက်ခဲ့ကြောင်းတွေ့ရသည်။ ရူပီးအားဖြင့် လွန်ခဲ့သော နှစ်ကာလတူက ၄၆ ဒသမ ၉၅ ဘီလီယံ ရှိခဲ့ပြီး၊ ယခုနှစ်တွင် ၁၀၄ ဒသမ ၄၀ ဘီလီယံရှိသည့်အတွက် ၁၁၂ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

အဆိုပါ ပဲမျိုးစုံဝယ်ယူတင်သွင်းမှုများအနက် ပဲနီလေး၊ ပဲစဉ်းငုံနှင့် မတ်ပဲတို့က အများဆုံးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပဲနီလေး တန်ချိန် ၈ ဒသမ ၀၂ သိန်း တင်သွင်းခဲ့ပြီး၊ ယမန်နှစ်ကာလတူက တန်ချိန် ၂ ဒသမ ၈၁ သိန်းသာ တင်သွင်းခဲ့သည့် အတွက် ၁၈၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရပါသည်။

Agribusiness & Trade

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုမှ ပဲနီလေး တန်ချိန် ၈ ဒသမ ၅၈ သိန်းတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အိန္ဒိယနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုမှတင်ပို့သော ပဲနီလေးအပေါ် တန်ပြန်ခွန်များ (retaliatory customs tariff) စည်းကြပ်ကောက်ခံမှုကို မကြာသေးမီက ဖယ်ရှားလိုက်သည့်အတွက် ပဲနီလေးတင်ပို့မှု နှစ်ဆမြင့်တက်လာကြောင်းတွေ့ရှိရပြီး၊ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အကုန်တွင် တန်ချိန် ၁ သန်းကျော်မည်ဟု ခန့်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲနီလေးစိုက်ပျိုးမှုအခြေအနေမှာ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ ရာဘီ (ဆောင်းသီးနှံ) ဟက်တာ ၁၂ ဒသမ ၇၄ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူက ဟက်တာ ၁၂ ဒသမ ၀၃ သိန်း ရှိခဲ့သည့်အတွက် အနည်းငယ် တိုးတက်လာကြောင်းတွေ့ရပါသည်။ သို့သော် ပုံမှန်ရှိရမည့် ပဲနီလေး စိုက်ပျိုးဧရိယာမှာ ဟက်တာ ၁၄ ဒသမ ၃၇ သိန်းဖြစ်ကြောင်း သိရပါသည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ကုလားပဲစိုက်ဧက ကျဆင်းလာမှုနှင့်အတူ ကျန်ပဲမျိုးစုံစိုက်ဧကများလည်း ကျဆင်းလာလျက်ရှိကြောင်း တွေ့ရပါသည်။

အိန္ဒိယနိုင်ငံမှ ပဲစဉ်းငုံတင်သွင်းမှုမှာ ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တန်ချိန် ၂ ဒသမ ၇၄ သိန်းနှင့် ယခင်နှစ်ကာလတူက တန်ချိန် ၁ ဒသမ ၅၆ သိန်းရှိခဲ့သည့်အတွက် ၇၅ ရာခိုင်နှုန်း တိုးမြင့်လာပါသည်။ အလားတူ မတ်ပဲတင်သွင်းမှုမှာ တန်ချိန် ၂ ဒသမ ၄ သိန်းရှိပြီး၊ ယခင်နှစ် ကာလတူက တန်ချိန် ၁ ဒသမ ၇၂ သိန်းရှိခဲ့သည့်အတွက် ၃၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။ ပဲစဉ်းငုံတင်သွင်းမှုမှာ အများဆုံးဖြစ်ကြောင်းတွေ့ရသော်လည်း မကြာသေးမီက မိုဇန်ဘစ်နိုင်ငံကဲ့သို့ အရှေ့အာဖရိကနိုင်ငံများတွင် ပဲတင်ပို့မှုများ၌ နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ခုနှစ်က ပဲစဉ်းငုံနှင့် မတ်ပဲကို တန်ချိန် ၈ ဒသမ ၉၄ သိန်းနှင့် ၅ ဒသမ ၂၄ သိန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံတင်သွင်းမှုဆက်လက်တိုးမြင့်လာဖွယ်ရှိပြီး၊ လက်ရှိဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ထက် တင်သွင်းမှုပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ အကြောင်းမှာ လာမည့်နှစ် ဇန်နဝါရီလကုန်ပိုင်းမှသာ ပဲစဉ်းငုံနှင့် မတ်ပဲအသစ်များပေါ်မှာဖြစ်သည့်အတွက်ဟု IGrain India မှ ကျွမ်းကျင်သူ Rahul Chauhan က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် မတ်ပဲ တန်ချိန် ၆ ဒသမ ၅ သိန်းခန့်နှင့် ပဲစဉ်းငုံ တန်ချိန် ၅ သိန်းခန့်ထွက်ရှိမည်ဟု ၎င်းက ခန့်မှန်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၁၅ ဒသမ ၂၉ သိန်း တင်သွင်းခဲ့သည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်အရ ယခုနှစ် ပဲစင်းငုံထွက်ရှိမှုသည် ယမန်နှစ်နှင့်အလားတူ တန်ချိန် ၃၄ ဒသမ ၂၁ သိန်းရှိမယ်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ရာသီဥတုဖေါက်ပြန်မှုကြောင့် ပဲစိုက်ကေများကျဆင်းကာ ပြည်ပဝယ်ယူမှုအပေါ် ပိုမိုမှီခိုနေရသည့်အနေအထားဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ပထမ နှစ်ဝက်အတွင်း ပဲနီလေး၊ ပဲစဉ်းငုံနှင့် မတ်ပဲအပါအဝင် ပဲမျိုးစုံကို စံချိန်တင်ဝယ်ယူ တင်သွင်းခဲ့ပြီး အဆိုပါ ဝယ်ယူတင်သွင်းမှုမှာ ဆက်လက်၍ တိုးမြင့်လာဦးမည်ဟု ခန့်မှန်းလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါအခြေအနေအပေါ်အသာစီးရယူ၍ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံပိုမို တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများရှိနေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Hindu Business Line သတင်းဌာန၊ “Surge in pulses imports led by higher purchases of masur, arhar and urad”

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

.............................................................................................................

## အိန္ဒိယအစိုးရအနေဖြင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပဲစင်းငုံများ ပိုမိုဝယ်ယူမည်

ပဲစင်းငုံ စိုက်ကေများ လျော့နည်းသဖြင့် ထုတ်လုပ်မှုကျဆင်းမည်ဟု မျှော်မှန်းထားသည့်အတွက် ယခုနှစ်တွင် ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် အစိုးရက ၎င်း၏ ပဲစင်းငုံတန်ချိန် မက်ထရစ်တန် ၈ သိန်းမှ ၁၀ သိန်းထိ သိသိသာသာ တိုးမြှင့်ဝယ်ယူရန် စီစဉ်နေသည်ဟု အကြီးတန်းအရာရှိတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

အိန္ဒိယတွင် ပဲစင်းငုံလက်လီဈေးသည် ယခင်နှစ်က တစ်ကီလိုလျှင် ၁၁၂ ရူပီးမှ ၄၀ ရာခိုင်နှုန်းကျော် ခုန်တက်ခဲ့ပြီး ယခုနှစ်တွင် တစ်ကီလိုလျှင် ၁၅၈ ရူပီးအထိ မြင့်တက်ခဲ့ကြောင်း အစိုးရအချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်၊ မတ်လတွင် ပဲစင်းငုံ တင်သွင်းခွန်ကို ပယ်ဖျက်ခြင်းဖြင့် အာဖရိကနိုင်ငံများနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းမှုကို တိုးမြှင့်ရန် အစိုးရက ကြိုးပမ်းခဲ့သော်လည်းအောက်တိုဘာလတွင် ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲတီစိမ်း ဈေးနှုန်းများ တစ်လအတွင်း ၆.၆၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးနောက် ပဲမျိုးစုံကဏ္ဍတွင် တစ်နှစ်အတွင်း ၁၈.၇၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။

အမည်မဖော်လိုသူ အရာရှိတစ်ဦးက အစိုးရ၏ ပဲစဉ်းငုံ ဝယ်ယူရေး အစီအစဉ်သည် ဈေးနှုန်းတည်ငြိမ်ရေးရန်ပုံငွေ (PSF) အောက်မှ အနိမ့်ဆုံးပံ့ပိုးမှုဈေးနှုန်း (MSP) ထက် များစွာ မြင့်မားသည့် ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်းပြောကြားထားသည်။

ဝယ်ယူသည့်အေဂျင်စီများဖြစ်သည့် အိန္ဒိယအမျိုးသားစိုက်ပျိုးရေးသမဝါယမဈေးကွက် ရှာဖွေရေးအသင်းချုပ် (NAFED) နှင့် အမျိုးသားစားသုံးသူများပူးပေါင်းဆောင်ရွက်ရေး(NCCF) တို့မှ တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူမည်ဖြစ်ပြီး မိုးရာသီ သီးနှံများ ဈေးကွက်သို့ စတင်ဝင်ရောက်သည့် အချိန်တွင် ဝယ်ယူမှုများစတင်မည်ဖြစ်ကြောင်း အဆိုပါ အရာရှိက ပြောကြားထားကြောင်း သိရသည်။

ပဲစင်းငုံအထွက်နှုန်းမှာ တန်ချိန် စုစုပေါင်း ၃၄.၂၁ သန်း ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထွက်ရှိမှုထက် အနည်းငယ်နည်းသည်ဟု လယ်ယာစိုက်ပျိုးရေးနှင့်တောင်သူလယ် သမားများ သက်သာချောင်ချိရေးဝန်ကြီးဌာန၏ အောက်တိုဘာလတွင် ထုတ်ပြန်သော ပထမ ကြိုတင်ခန့်မှန်းချက်အရ သိရသည်။

ပဲစဉ်းငုံသည် သွင်းကုန်များအပေါ် အပြင်းအထန် မှီခိုနေရခြင်းကြောင့် မိုဇမ်ဘစ်နှင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများသည် ဈေးကစားခြင်းများဆောင်ရွက်သဖြင့် နိုင်ငံတွင်း ပဲရောင်းဝယ်ရေးလုပ်ငန်းများကို အခက်အခဲဖြစ်စေကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

ပဲစင်းငုံရာသီတွင် ပဲစင်းငုံစိုက်ကေများ လျော့ပါးသွားကာ ထုတ်လုပ်မှုကို ကျဆင်းခြင်းကိုဖြစ်ပေါ်စေနိုင်ပြီး အပြန်အလှန်အားဖြင့် ပြီးခဲ့သည့်လအနည်းငယ်အတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုကိုဖြစ်ပေါ်စေခဲ့ကြောင်း၊ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဟက်တာ ၄၆.၁၃ သိန်းမှ ၂၀၂၃ ခုနှစ် စက်တင်ဘာတွင် ဟက်တာ ၄၃.၈၇ သိန်းသို့ ကျဆင်းသွားကြောင်း အစိုးရ၏ အချက်အလက်များအရ သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယအနေဖြင့် ယခုနှစ်တွင် ပဲစင်းငုံအထွက်နှုန်းလျော့နည်းနိုင်သဖြင့် အစိုးရမှ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ဈေးကွက်ပေါက်ဈေးအတိုင်း တိုးမြှင့်ဝယ်ယူ၍ ပြင်ဆင်နေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် အိန္ဒိယ သတင်းစာအာဘော်များ၊ စားသုံးသူရေးရာ ဦးစီးဌာနများမှ ထုတ်ပြန်ချက်များတွင် ပဲစဉ်းငုံနှင့် မတ်ပဲဈေးကွက်များအပေါ် မြန်မာနိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံတို့မှ ဈေးကစားမှုများ ဆောင်ရွက်နေသည်ဟု အမြဲပါရှိနေသည်ကို တွေ့ရှိရသဖြင့် ဂရုပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

Source: Govt to increase procurement of tur dal to tame prices, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

……………………………………………………………………………………….

## အိန္ဒိယနိုင်ငံ၌ လယ်ယာမြေများတွင် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုမှုကို ခြေရာခံရန် အာရုံခံကိရိယာများ မကြာမီအသုံးပြုသွားမည်

အိန္ဒိယအစိုးရသည် လယ်ယာများတွင် ရေအရင်းအမြစ်၊ ဓာတ်မြေဩဇာ၊ ဓာတုနှင့် ပိုးသတ်ဆေးများ အသုံးပြုမှုကို ခြေရာခံရန် အာရုံခံကိရိယာများ တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် မကြာသေးမီက ကြေညာထားသည့် ဒရုန်းအစီအစဉ်အရ ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်ကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းနှင့် သီးနှံနှင့် ထုတ်လုပ်မှုပမာဏပေါ်မူတည်၍ တိကျသောနည်းပညာများဖြင့် သယံဇာတအသုံးပြုမှု ထိရောက်မှု 50–70% တိုးတက်လာရန် အစိုးရက မျှော်လင့်ထားသည်ဟု တာဝန်ရှိသူများက ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယင်းအစီအစဉ်သည် လယ်သမားများအား ရေအရင်းအမြစ်များကိုထိရောက်စွာ အသုံးပြုမှုမြင့်တင်ရန်၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပိုးသတ်ဆေးများနှင့် တခြားဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကို ကန့်သတ်ရန်အတွက် ခေတ်မီလယ်ယာစနစ်ကို အကောင်အထည်ဖော်ရန် အခြေခံအဆောက်အအုံဆိုင်ရာ ပံ့ပိုးကူညီမှုများကို လှုံ့ဆော်ပေးပြီး ပံ့ပိုးပေးရန်ဖြစ်သည်ဟု အမည်မဖော်လိုသည့် အစိုးရအကြီးတန်းအရာရှိတစ်ဦးက The Economic Times သတင်းစာသို့ ပြောကြားထားကြောင်း သိရသည်။

အင်တာနက်အခြေပြု စိုက်ပျိုးရေး အာရုံခံကိရိယာများသည် လယ်သမားများထံ ၎င်းတို့၏ လယ်မြေများတွင် ရေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး လိုအပ်ချက်များအကြောင်း အချက်ပြမှုများ ပေးပို့ကာ သီးနှံများ အလွန်အကျွံရေလောင်းခြင်း သို့မဟုတ် အခြားသွင်းအားစုများ အသုံးပြုခြင်းမှ ကာကွယ်ရန် ကူညီပေးမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲမှုပြဿနာအား အစိုးရက အထူးဂရုစိုက်လျက်ရှိကြောင်းနှင့် မူဝါဒချမှတ်သူများသည် ယင်းနှင့်ပတ်သက်ပြီး အမြဲဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရှိရသည်။

ဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် ၂၀၁၉ ခုနှစ် လွတ်လပ်ရေးနေ့ မိန့်ခွန်းတွင် လယ်သမားများအား ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုမှုလျှော့ချရန် အလေးအနက် ပန်ကြားခဲ့ပြီး လယ်သမားများအနေနှင့် မြေဆီလွှာများ ထိခိုက်ပျက်ဆီးမှု မရှိစေရေး အလေးထားရန် ပြောကြားထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် အိန္ဒိယအစိုးရသည် မြေဆီလွှာကျန်းမာရေးကို အကဲဖြတ်ရန်နှင့် အချိန်နှင့်အမျှ ပြောင်းလဲမှုများကို သိရှိနိုင်ရန်အတွက် မြေဆီလွှာကျန်းမာရေးကတ်စနစ်ကို စတင်ခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါတွင် နည်းပညာကို ထိရောက်စွာ အသုံးပြုစေလိုပါကြောင်းနှင့် ယင်းသည်

Agribusiness & Trade

လက်တွေ့တွင် အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယပြည်ထောင်စုအစိုးရအဖွဲ့က ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ ဖြန်းရာတွင် အထောက်အကူပြုရန်အတွက် ဒရုန်းများအား ကိုယ်ထူကိုယ်ထ အမျိုးသမီး ၁၅,၀၀၀ သို့ ပံ့ပိုးပေးမည့် စီမံချက်အတွက် ၂၀၂၄-၂၅ ခုနှစ်မှစ၍ နှစ်နှစ်တာကာလအတွင်း ရူပီး ၁၂၆၁၀ သန်း ထောက်ပံ့ပေးရန် ပြီးခဲ့သည် အင်္ဂါနေ့က အတည်ပြုခဲ့သည်။ ထို့အပြင် အိန္ဒိယ စိုက်ပျိုးရေးသုတေသနကောင်စီသည် ကုန်ကျစရိတ်နည်းသော အာရုံခံကိရိယာများကို အခြေခံသည့် နည်းပညာများကို ဆောင်ရွက်လျက်ရှိပြီး ယင်းကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန်အတွက် အထောက်အပံ့များကိုလည်း ပေးအပ်ထားကြောင်း သိရသည်။ ကုန်ကျစရိတ်များသည့် နည်းပညာကို လက်ရှိတွင် ပုဂ္ဂလိကကဏ္ဍမှ သစ်သီးဝလံ၊ ပန်းမန်စိုက်ခင်းများတွင် အသုံးပြုနေပြီး သီးနှံ၊ ပဲမျိုးစုံနှင့် ဆန်ကဲ့သို့သော စားသုံးမှုများသည့် သီးနှံများအတွက် အသုံးပြုရန် အစီအစဉ်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

Jammu & Kashmir ဒေသတွင် ယခုနှစ်အစောပိုင်းတွင် အာရုံခံစနစ်သုံး ခေတ်မီ စိုက်ပျိုးရေးပရောဂျက်အတွက် ရူပီး သန်းပေါင်း ၃၀၀ ကို ခွင့်ပြုဆောင်ရွက်ခဲ့ပြီး ဈေးကောင်းရရှိသည့် သီးနှံများစိုက်ပျိုးရန် Hi-tech poly houses နှင့် IoT Application ကို အသုံးပြု၍ အပင်များအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအခြေအနေများကို အလိုအလျောက် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ရာ ရေ၊မြေ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြု၍ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့်စနစ်များကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်းတင်ပြအပ်ပါသည်။

Source : Soon, farms to have sensors to track efficient use of resources, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှု တားမြစ်ချက်ကို ၆ လ သက်တမ်းတိုးရန် စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုထား

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက် အထိ ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးတင်ပို့မှု တားမြစ်ချက်အား သက်တမ်းတိုးရန် အဆိုပြုထားကြောင်း ၎င်းသက်ဆိုင်ရာဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website ပေါ်တွင် ဖော်ပြထားပါသည်။

Agribusiness & Trade

အဆိုပါဥပဒေမူကြမ်းတွင် ရုရှားမှ ယူရေးရှားစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အခြား ပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့် ဆန် များအား ပိတ်ပင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလကုန်တွင် ရုရှားစိုက်ပျိုးရေးဝန်ကြီး Mr. Dmitry Patrushev က ရုရှားနိုင်ငံသည် လက်ရှိစိုက်ပျိုးရာသီတွင် လူမှုရေးအရ အရေးပါသော သီးနှံများဖြစ်သည့် ဆန်နှင့် ဂျုံ ထုတ်လုပ်နိုင်မှု သည် သိသာစွာတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆန်စပါးစုစုပေါင်းရိတ်သိမ်းနိုင်မှုသည် တန်ချိန် ၁.၁ သန်းကျော်လွန်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်း ပိုများသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက် နေ့တွင် စတင်ခဲ့ပြီး ပို့ကုန်ကန့်သတ်ချက်အား ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ ယခုအခါ ယင်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဝန်ကြီးဌာနသည် တားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ခြောက်လအထိ သက်တမ်းတိုးရန် အဆိုပြု ထားခြင်းဖြစ်ပါသည်။

အဆိုပါတားမြစ်ချက်သည် နိုင်ငံအတွင်း ဆန်စပါးပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး အဆိုပါထုတ်ကုန်များအတွက် ပြည်တွင်း ဈေးနှုန်းများ တည်ငြိမ်စေရန်ဖြစ်သည်။ ထို့အပြင် မွေးမြူရေးနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ပံ့ပိုးကူညီနိုင်ရန်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။

ရုရှားကောက်ပဲသီးနှံသမဂ္ဂဥက္ကဋ္ဌ Mr. Arkady Zlochevsky ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ သားများသည် နှစ်စဉ် ဆန်တန်ချိန် ၁ သန်းခန့် စားသုံးကြပြီး ထိုအထဲမှ တန်ချိန် ၂၀၀,၀၀၀ ခန့် သည် ဆန်လုံးရှည်(Long-grain rice)များဖြစ်ကြောင်း သိရှိရပါသည်။ ရုရှားနိုင်ငံ၌ ဆန်လုံးတို (round – grain rice)သည် ပြည်တွင်းစားသုံးရန်အတွက် သာမက ပြည်ပသို့ တင်ပို့ရန်အတွက်ပါ လုံလောက်မှုရှိသော်လည်း ဆန်လုံးရှည်သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြောင်း သိရှိရပါသည်။ ရုရှားနိုင်ငံသို့ ဆန်လုံးရှည် အဓိက တင်ပို့လျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ ဗီယက် နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Source : https://www.kommersant.ru/doc/6365559

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

………………………………………………………………………………………………

## အိန္ဒိယနိုင်ငံ၏ ဝန်ဆောင်မှုများ တင်ပို့မှုမှာ အောက်တိုဘာလတွင် ၁၀.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါ်လာ ၂၈.၀၃ ဘီလီယံ ရရှိ

အိန္ဒိယ၏ ဝန်ဆောင်မှုကဏ္ဍသည် အောက်တိုဘာလတွင် ပို့ကုန်တွင် ၁၀.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါ်လာ၂၈.၀၃ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း အိန္ဒိယ Reserve Bank of India (RBI) မှ ထုတ်ဖော်ပြသခဲ့သည့် လတ်တလော ယာယီအချက်အလက်များအရ သိရသည်။

အခြားတစ်ဘက်တွင် ဝန်ဆောင်မှုလုပ်ငန်းမှ သွင်းကုန်များသည် အလားတူကာလတွင် ၀.၄ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဒေါ်လာ ၁၃.၄၆ ဘီလီယံ သာရှိခဲ့ကြောင်းနှင့် ယင်း အချက်အလက်သည် ပြီးခဲ့သည့်လက အစိုးရထုတ်ပြန်ခဲ့သော အောက်တိုဘာလအတွက် ဝန်ဆောင်မှုများ တင်ပို့မှုမှ ဒေါ်လာ ၂၈.၇၀ ဘီလီယံနှင့် သွင်းကုန် ဒေါ်လာ ၁၄. ၃၂ ဘီလီယံ အချက်အလက်များနှင့် အနည်းငယ် ကွဲလွဲနေကြောင်း သိရသည်။

RBI ၏ ယာယီစာရင်းအင်းများသည် ပုံမှန်အားဖြင့် နိုင်ငံ၏ ပြည့်စုံသော ငွေပေးချေမှုအချက်အလက်များကို ထုတ်ပြန်ပေးခြင်းဖြစ်ပြီး သုံးလတစ်ကြိမ် ထုတ်ပြန်ပေးလျှက် ရှိပါသည်။ ထို့အပြင် မကြာသေးမီက RBI အပတ်စဉ်စာရင်းအင်းဖြည့်စွက်ချက်တွင် နိုင်ငံခြားအရန်ငွေများ မြင့်တက်လာမှုကို အသေးစိတ်ဖော်ပြထားပြီး နိုဝင်ဘာလ ၁၇ ရက်ကုန်ဆုံးသည့်အပတ်တွင် ဒေါ်လာ ၅.၀၈ ဘီလီယံ တိုးတက်ခဲ့ပြီး စုစုပေါင်း ဒေါ်လာ ၅၉၅.၃၉၇ ဘီလီယံထိ မြင့်တက်လာခဲ့ကြောင်းနှင့် နိုင်ငံခြားငွေကြေးပိုင်ဆိုင်မှု (FCAs) သည် အမေရိကန်ဒေါ်လာ မဟုတ်သော ငွေကြေးများဖြစ်သည့် ယူရို၊ ပေါင်နှင့် ယန်း များအပါဝင် ဒေါ်လာ ၅၂၈.၅၃ ဘီလီယံထိ မြင့်တက်ခဲ့ကြောင်းသိရှိရသည်။

Source: India services exports rise 10.8% to $28.03 bln in October, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................

## MSMEs များ၏ E-Commerce တင်ပို့မှု မြှင့်တင်ရန်အတွက် အိန္ဒိယ နိုင်ငံခြားကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာနနှင့် Amazon တို့ လက်မှတ်ရေးထိုး

ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် e-commerce မှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရန်အတွက်  ခရိုင် ၂၀ ရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) အား သင်တန်းများပေးဆောင်ရန် e-commerce လုပ်ငန်းအဓိကဆောင်ရွက်သူ Amazon နှင့် နားလည်မှုစာချွန်လွှာတစ်စောင်ကို ပြီးခဲ့သည့် ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နားလည်မှုစာချွန်လွှာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒ ၂၀၂၃ တွင် ဖော်ပြထားသည့် ပို့ကုန်ဗဟိုခရိုင် (District as Exports Hub) စီမံချက်အရ DGFT မှ သတ်မှတ်ရွေးချယ်ထားသည့်

ခရိုင်များတွင် MSMEs များအတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို Amazon နှင့် နိုင်ငံခြားကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) တို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Amazon သည် စွမ်းရည်မြှင့်တင်ခြင်းကဏ္ဍတွင် MSMEs လုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊ ၎င်းတို့၏ ထုတ်ကုန်များကို ဒစ်ဂျစ်တယ်စာရင်းပြုစုခြင်း၊ အခွန်ဆိုင်ရာ အကြံပေးခြင်း စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် အသေးစား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ (MSMEs) နှင့် နိုင်ငံတွင်းမှ e-commerce တင်ပို့မှုကို မြှင့်တင်ရန်အတွက် DGFT သည် ခရိုင် များကို Export Hubs များအဖြစ် မြှင့်တင်ရန်နှင့် နိုင်ငံမှ e-commerce တင်ပို့မှုများကို မြှင့်တင်ရန်၊ ” ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို DGFT ညွှန်ကြားရေးမှူးချုပ် Santosh Sarangi နှင့် Chetan Krishnaswamy (ဒုတိယဥက္ကဋ္ဌ၊ Public Policy Amazon) နှင့် Bhupen Wakankar (ဒါရိုက်တာ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု Amazon India) တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရ သည်။

ယင်းစီမံချက်သည် ကျေးလက်နှင့် ဝေးလံခေါင်သီသော ခရိုင်များတွင်ပင် ဒေသတွင်းထုတ် လုပ်သူများကို ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များနှင့် ချိတ်ဆက်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုပူးပေါင်းဆောင်ရွက်မှုသည် ပို့ကုန်လုပ်ငန်းရှင်များ/ MSMEs များအား ၎င်းတို့၏ Made in India ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာရှိ ဖောက်သည်များထံ ရောင်းချနိုင်ရန်ဖြစ် ကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ ပြည်တွင်း ပို့ကုန်လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် MSMEs များကို အလားအလာရှိသော နိုင်ငံတကာဝယ်လက်များ လက်လှမ်းမီစေရန် ပံ့ပိုးကူညီရန် e-commerce ပလပ်ဖောင်းများကို အသုံးချရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

Amazon India နှင့် နားလည်မှုစာချွန်လွှာအရ စွမ်းရည်မြှင့်တင်ရေးအတွက် ခရိုင် ၂၀ ကို ရွေး ချယ်ထားကြောင်း၊ DGFT သည် Flipkart/Walmart၊ Ebay, Rivexa, Shopclues, Shiprocket, DHL Express ကဲ့သို့သော e-commerce ပလပ်ဖောင်းအမျိုးမျိုးနှင့်လည်း ကျန်ရှိသည့် ခရိုင်များကို စွမ်းဆောင်ရည်မြှင့်တင်မှုများဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ယခုဆောင်ရွက်ချက်သည် အိန္ဒိယမှ ပို့ကုန်အသစ်များ၊ ပထမအကြိမ် တင်ပို့ရောင်းချသူများ နှင့် အခြား MSME ထုတ်လုပ်သူများကို မြှင့်တင်ပေးကာ ၂၀၃၀ ခုနှစ်တွင် ကုန်စည်တင်ပို့မှုမှ ကန် ဒေါ်လာ ၁ ထရီလီယံ ရရှိရေး ပန်းတိုင်အား ရရှိအောင်မြင်စေရန်အတွက် DGFT ၏ ကြီးမားသည့် ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများအား Amazon အပါအဝင် E-Commerce လုပ်ငန်းများနှင့်ချိတ်ဆက်၍ ကမ္ဘာ့ဈေးကွက်

သို့ တိုးမြှင့်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source : DGFT, Amazon ink MoU to promote MSMEs' ecommerce exports, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

..........................................................................................................

## အိန္ဒိယနိုင်ငံသည် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အား ထိရောက်စွာ ပြန်လည်သုံးသပ်သွားမည်

အိန္ဒိယစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အား ထိရောက်စွာ ပြန်လည်စဉ်းစားသုံးသပ်သွားရန် နိုင်ငံ၏ ကဏ္ဍအသီးသီးရှိ ပို့ကုန်လုပ်ငန်းရှင်များထံမှ သတင်းအချက်အလက်များကို ရယူစုဆောင်းလျက်ရှိကြောင်း သိရသည်။ အဆိုပါသတင်းအချက်အလက်များတွင် သက်ဆိုင်ရာ အာဆီယံနိုင်ငံသီးသီး၌ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် အရည်အသွေး ထိန်းချုပ်မှု၊ နည်းပညာ စံချိန်စံညွှန်းများနှင့် ရှုပ်ထွေးသော ပင်ရင်းဒေသစည်းမျဉ်းများအပါအဝင် အကောက်ခွန် မဟုတ်သော အတားအဆီးများနှင့်ပတ်သက်သော စိန်ခေါ်မှု အခက်အခဲအမျိုးမျိုး ပါဝင်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံနှင့် ကုန်သွယ်ရာတွင် ကုန်သွယ်မှုလိုငွေ ကြီးကြီးမားမား ဖြစ်ပေါ်နေမှုအပေါ် အဖြေရှာရန် ၎င်းအချက်အလက်များအား အသုံးပြုသွားမည်ဖြစ်ပြီး၊ အဆိုပါ သုံးသပ်ချက်အား ၂၀၂၅ ခုနှစ်တွင် အပြီးသတ်မည်ဟု ခန့်မှန်းရသည်။

အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် သို့မဟုတ် အာဆီယံ-အိန္ဒိယကုန်စည်များ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (ASEAN India Trade in Goods Agreement-AITIGA) ကို ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် နှစ်စဉ် ကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံခန့် ကုန်သွယ်မှုလိုငွေပြနေခဲ့သည်။ သို့သော် အဆိုပါလိုငွေမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကြီးဆုံးဖြစ်ပြီး ကန်ဒေါ်လာ ၄၃ ဒသမ ၅၇ ဘီလီယံရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အာဆီယံသို့ ကန်ဒေါ်လာ ၄၄ ဘီလီယံတင်ပို့စဉ်၊ တစ်ဖက်တွင် ၈၇ ဒသမ ၅၇ ဘီလီယံဖိုး ပြန်လည်တင်သွင်းလျက်ရှိသည့် အနေအထားဖြစ်သည်။

အကြောင်းမှာ အာဆီယံနိုင်ငံများရှိ အကောက်ခွန်မဟုတ်သော အတားအဆီးများကြောင့် ဖြစ်သည်ဟု အိန္ဒိယမှယူဆလျက်ရှိပြီး၊ အဆိုပါသဘောတူညီချက်အား ပြန်လည်သုံးသပ်ခြင်းဖြင့်

ယင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းသွားနိုင်လိမ့်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ထားသည်။ အာဆီယံတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားစသည့် နိုင်ငံ (၁၀) နိုင်ငံပါဝင်ပြီး၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးစုစုပေါင်း၏ ၁၁ ဒသမ ၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ဓါတုပစ္စည်း၊ ပလတ်စတစ်၊ ဓါတ်သတ္တု၊ သားရေ၊ အထည်အလိပ်၊ အဖိုးတန်ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍတို့အပါအဝင် စုစုပေါင်းကဏ္ဍ (၂၂) ခု အနက် (၁၃) ခုတွင် ဆိုးဆိုးဝါးဝါးထိခိုက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကဏ္ဍများမှ ပို့ကုန်များက အိန္ဒိယနိုင်ငံမှ အာဆီယံသို့ တင်ပို့သည့် ပို့ကုန်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းရှိသည်။ အာဆီယံနိုင်ငံများနှင့် ယခင်ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများတွင် အိန္ဒိယပို့ကုန်များကို ပိတ်ဆို့လျက်ရှိသော အတားအဆီးများနှင့်ပတ်သက်၍ အထူးသဖြင့်စိုက်ပျိုးရေးနှင့် မော်တော်ယာဉ်ကဏ္ဍတို့ရှိ အတားအဆီးများအပေါ် စိုးရိမ်လျက်ရှိကြောင်း အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Piyush Goyal က ပြောကြားခဲ့သည်။

၎င်းအတားအဆီးများအနက် သဘောတူညီမှုပါ တစ်ဖက်သတ်အခွင့်အရေးပေးရခြင်း၊ အာဆီယံနိုင်ငံအသီးသီးမှ ပြဋ္ဌာန်းသတ်မှတ်ထားသော အကောက်ခွန်မဟုတ်သော အတားအဆီးများ၊ သွင်းကုန်စည်းမျဉ်းစည်းကမ်းများ၊ ကိုတာစနစ်နှင့်၊ ပို့ကုန်ခွန်တို့ပါဝင်သည်။ ပင်ရင်းဒေသ စည်းမျဉ်းနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းမရှိသည့်ကိစ္စကလည်း အဓိကအတားအဆီးတစ်ရပ် ဖြစ်နေသည်ဟု ဆိုသည်။

တရုတ်နိုင်ငံမှ ထုတ်ကုန်များသည် အဆိုပါ သဘောတူညီချက်၏ အားသာချက်ကို ရယူ၍ အာဆီယံနိုင်ငံများသို့ ဝင်ရောက်လာပြီး အနည်းငယ်သာတန်ဖိုးမြှင့်တင်၍ အိန္ဒိယသို့ တစ်ဖက်လှည့်ဖြင့် ဝင်ရောက်လျက်ရှိသည့်အပေါ် အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးကောင်စီက အထောက်အထားများ ရှာဖွေတွေ့ရှိထားသည်ဟု ဆိုသည်။

ယင်းသို့ အိန္ဒိယ-အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အား တလွဲအသုံးချလျက်ရှိသည့်အတွက် အိန္ဒိယနှင့် အာဆီယံနိုင်ငံတို့အကြားရှိ ကုန်သွယ်မှုဆက်ဆံရေးအား ပိုမိုရှုပ်ထွေးစေလျက်ရှိကြောင်း အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးကောင်စီက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါ အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အရ သတ်မှတ်ကုန်စည်လိုင်းများအပေါ်တွင် သွင်းကုန်ခွန်များ ကင်းလွတ်သက်သာခွင့် ရရှိလျက်ရှိပါသည်။ သို့ပါ၍ အိန္ဒိယအနေဖြင့် ၎င်းသဘောတူညီချက်အား ပြန်လည်သုံးသပ်၍ အာဆီယံနှင့် ကုန်သွယ်မှုတွင် လိုငွေကြီးကြီးမားမားဖြစ်ပေါ်နေသည့်အပေါ် စုံစမ်းအဖြေရှာသွား မည့်အပေါ်သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေနှင့်လည်း နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ၎င်းတို့စိုးရိမ်

Agribusiness & Trade

လျက်ရှိသည့် ကုန်သွယ်မှုအတားအဆီးများနှင့် ပင်ရင်းဒေသသတ်မှတ်ချက်နှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့်အတူ ပူးပေါင်းလိုက်ပါဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Hindu Business Line သတင်းဌာန၊ "India allows 9 lakh tonnes of broken rice export to 5 countries"

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

......................................................................................................................................

## ရုရှားနိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင် ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် တင်သွင်းရန် အတည်ပြုခဲ့

ရုရှားနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် ကြက်သားတင်သွင်းမှုအား တန်ချိန် ၁၆၀,၀၀၀ အထိ ရုရှားအကောက်ခွန်ဆပ်ကော်မရှင်က ခွင့်ပြုပေးခဲ့ကြောင်း အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ကြက်သားအမျိုးအစားအချို့အပေါ် အကောက်ခွန်မဲ့ဦးစားပေး တင်သွင်းမှုကို အတည်ပြုခဲ့ပြီး သွင်းကုန် ကြက်သားပမာဏတန်ချိန် ၁၆၀,၀၀၀ အထိ ကင်းလွတ်ခွင့်ပြုရန် စီစဉ်ထားသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာသည့်အတွက် ကြက်ထွက်ကုန်ဈေးကွက် ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ၂၀၂၄ ခုနှစ်အတွက် အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် ရုရှားနိုင်ငံသို့ ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ တင်သွင်းရန် အဆိုပြုခဲ့သည်။ ထို့အပြင် အဆိုပါဝန်ကြီးဌာန၏ အဆိုပြုချက်ကြောင့် ကြက်သားအမျိုးအစားအချို့နှင့် ကြက်ဥ တင်ပို့မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ၆ လကြာ ယာယီပိတ်ပင်ထားပါသည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ ကြက်သား ဈေးနှုန်းများသည် ယခုနှစ်အစမှ စတင်၍ အောက်တိုဘာလအထိ ၂၈.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဥများအတွက် ၁၅.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ကြက်ထွက်ကုန် ဈေးနှုန်းမြင့်တက်ရခြင်းမှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမြင့်မားလာခြင်းကြောင့် ထုတ်ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်ထက် ပြည်ပသို့ တင်ပို့ခြင်းက ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုကို

မြိမ်းခြောက်နေသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သုံးသပ်ထားပါသည်။

Source : https://tass.ru/ekonomika/19360143

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

…………………………………………………………………………………………………

Agribusiness & Trade